ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (1-7-2008) (၅၇၂၆)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာ ပေးအပ်

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ မီရှဲလီဆူဝန်ချန်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ခန့်အပ်လွှာပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ မီရှဲလီ ဆူဝန်ချန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ကာဇီ မိုဟာမက် ခါလီလူလာသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ခန့်အပ်လွှာပေးအပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ကာဇီမိုဟာမက် ခါလီလူလာ နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

ခင်ဦး၏

“မေတ္တာအားမာန်”

(ဆောင်းပါး) စာမျက်နှာ-၆

ယနေ့ ဆောင်းပါးအညွှန်း

“မြစ်ဝကျွန်းပေါ်ဒေသ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်(ရေ)မှ ပါဝင်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ”

မောင်မောင်မြင့်ဆွေ၏

(သတင်းဆောင်းပါး)

စာမျက်နှာ- ၈၊ ၉

အတည်ပြုချိန် ၅း၁၀

ကြေးမုံ The Mirror
၁-၇-၂၀၀၈
(အင်္ဂါနေ့)

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်

လျှင်လှုပ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မီးတောင်ပေါက်ကွဲခြင်းစသည့် ဘေးအန္တရာယ်များသည် ရှေးကာလကတည်းက ပင်ရှိခဲ့ရာ ယင်းတို့နှင့် ကြုံတွေ့ကြရသည့် ဒေသတိုင်း၊ ပြည်သူတိုင်းသည် သဘာဝဘေးအန္တရာယ်၏ ပြင်းထန်ကြီးမားမှုအပေါ် မူတည်ပြီး အသက်အိုးအိမ်စည်းစိမ်ပျက်စီးဆုံးရှုံးခြင်း အနည်းနှင့်အများ ကြုံတွေ့ကြရမြဲဖြစ်သည်။

မြန်မာနိုင်ငံတွင် မေလဆန်းပိုင်းက ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း ဒေသအချို့၌ ပြည်သူများ၏ အသက်အိုးအိမ်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယခုအခါ နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ စေတနာရှင်ပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူးပေါင်းကူညီမှုဖြင့် မြို့၊ ရွာ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို လုပ်ကိုင်နေကြပြီဖြစ်သည်။

အထူးသဖြင့် လေဘေးဒဏ်ကြောင့် အဆိုးရွားဆုံးပျက်စီးသွားသော ဒေသများ၌ ၁၆ ပေ × ပေ ၂၀ အကျယ် အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အမြဲတမ်းနေအိမ်များကို ဆောက်လုပ်ပေးလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက နေအိမ်အလုံးပေါင်း ၆၀၀၀ ကျော်ကို ဆက်လက်တည်ဆောက်ပေးသွားမည်ဖြစ်ရာ စေတနာရှင်၊ အလှူရှင်များ၊ သစ်လုပ်ငန်းရှင်များ၏ ပါဝင်လှူဒါန်းမှုဖြင့် လုပ်ငန်းများ လျင်မြန်စွာ ပြီးစီးရေး အထောက်အကူပြုမည်ဖြစ်သည်။

လေဘေးသင့် အချို့ဒေသများတွင် မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းစသည်တို့အတွက် လိုအပ်သည့် လုပ်ငန်းခွင်သုံးပစ္စည်းများကိုဖြည့်ဆည်းကူညီပေးလျက်ရှိသည်။

ဧရာဝတီတိုင်းရှိ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ငပုတောမြို့နယ်တို့သို့ လယ်ထွန်စက်များ၊ ကျွဲ၊ နွားများ၊ မျိုးစပါးများ ထောက်ပံ့ပေးပို့လျက်ရှိရာ အချို့မြို့နယ်များ၌ မြေပြုပြင်ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

လေဘေးသင့်ဒေသများပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများသည် သာမန်တည်ဆောက်ရေးသာ မဟုတ်ဘဲ ဒေသပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ဖော်ဆောင်ရသည့် လုပ်ငန်းဖြစ်ရာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်မှုစွမ်းအား၊ အမျိုးသားရေးစိတ်ဓာတ်စွမ်းအားဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် လေဘေးသင့်ဒေသပြည်သူများ၏ စီးပွားရေးနှင့်မြို့ရွာတည်ဆောက်ရေးလုပ်ငန်းများ မြန်ဆန်စွာ ထူထောင်တည်ဆောက်ပြီးစီးနိုင်မည်ဖြစ်ပါသည်။ ။

ကိုးဘွဲ့ရဆရာတော်အရှင်အာစာရာလင်္ကာရအရှင်သူမြတ်ဦးဆောင်ဆောင်ရွက်လျက်ရှိသည့် လေဘေးသင့် ပြည်သူများအတွက် လှူဒါန်းထောက်ပံ့နိုင်ရန် အလှူငွေကျပ် ၂၁၅၇၉၀၀၀ ကို ဂျပန်နိုင်ငံ ရှီဂုအိုကတက္ကသိုလ်ကျောင်းသားများက ဇွန် ၂၂ ရက်တွင် ကိုးဘွဲ့ရဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမျိုးသမီးယောဂီ စောင့်ရှောက်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇွန် ၃၀

အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ အကြိမ်(၃၀)မြောက် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးကို ၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၄ရက် ဇူလိုင် ၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မဟာစည်သာသနာ့ရိပ်သာ ရန်ကုန်၏ မဟာကုသလကာရီမွေ့သာလာမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသူများနှင့်ယောဂီများ မပျက်မကွက်တက်ရောက်ကြပါရန် အမှုဆောင်အဖွဲ့မှ ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးများ ဝန်ကြီး ဗိုလ်ချုပ်စောလွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၃၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၉ ရက်နံနက် ၁၀ နာရီခွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်မြို့ တာမွေမြို့နယ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံကာ ဝန်ကြီးက ဝန်ထမ်းများသည် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုးချစ်စိတ်ဓာတ် အရင်းခံ၍ သစ္စာရှိရှိ ဆောင်ရွက်ကြရေး၊ လုပ်ငန်းများကို စီမံချက်အတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရေး၊ ပြည်သူအပေါ်ဆက်ဆံရေး ပြေပြစ်ကောင်းမွန်စွာဖြင့် အလေးထားဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ဝင်းသိန်းက မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

– လှည့်လည်ကြည့်ရှု –

ယင်းနောက် ဝန်ကြီးသည် ရုံးလုပ်ငန်းဆိုင်ရာပုံစံများခင်းကျင်းပြသထားမှု၊ မှတ်တမ်းခန်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဒဂုံမြို့နယ် ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ရုံးခန်းမ၌ မြို့နယ်ဦးစီးဌာနမှူး ဦးကျော်ကျော်က မြို့နယ်အတွင်းရှိ လူဦးရေနှင့် အိမ်ထောင်စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများကဖြည့်စွက်တင်ပြ ကြသည်။

ထို့နောက်ဝန်ကြီးကတင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအားရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တာမွေမြို့နယ်ဦးစီးဌာနမှူးရုံး၌ ရုံးလုပ်ငန်းဆိုင်ရာ ပုံစံများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လဝက)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၃၀

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)အလှူငွေလက်ခံရာဌာနသို့ ဇွန် ၂၉ ရက်က လာရောက်လှူဒါန်းကြသောအလှူငွေများကိုဘဏ္ဍာငွေလက်ခံရေးနှင့်ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

အလှူရှင်များမှာ ဒုတိယဗိုလ်မှူးကြီးလင်းအောင်နှင့်ဒေါ်သန်းသန်းအေး (နေပြည်တော်)က ငွေကျပ်တစ်သိန်း၊ ကွယ်လွန်သူ ဦးဇော်ဝင်းမောင်အား ရည်စူး၍ ဦးရဲမြင့်သန်း၊ ဦးမောင်မောင်ဆန်း၊ ဒေါ်သန်းသန်းဝင်း၊ ဒေါ်စန်းစန်းဝင်း မောင်နှမတစ်စု (ချောက်မြို့)က ငွေကျပ်တစ်သိန်း၊ ကွယ်လွန်သူ မိခင်ကြီးဒေါ်အမာအား ရည်စူး၍ သား ဦးဇော်ဝင်းနှင့် ဒေါ်စန်းမြင့်မြင့်မိသားစု (ဗဟန်းမြို့နယ်)က ငွေကျပ် ၁၁၀၀၀၀ နှင့် ဦးပဏ္ဏဝံသ (သူရိယစန္ဒာတောရကျောင်း)နှင့် နောင်ကုလားကျေးရွာသူ၊ ကျေးရွာသားများက ငွေကျပ် ၂၁၅၀၀၀၀ အပါအဝင် အလှူငွေစုစုပေါင်း ငွေကျပ် ၂၄၆၀၀၀၀ လှူဒါန်းကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ဇင်္ဂလားတိုက် စံကားဝါပင်ကျောင်းတော်ကြီး ပြန်လည်ဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၃၀

မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော ရန်ကုန်တိုင်းဗဟန်းမြို့နယ် ကြားတောရရပ်ကွက်၊ ဇင်္ဂလားတိုက်စံကားဝါပင်ကျောင်းတော်ကြီး ပြန်လည်တည်ဆောက်ရန်အတွက် အလှူရှင် ရဟန်းဒါယကာဦးဝင်း-ဒေါ်ထွေးကြည်မိသားစု (၂၃)ရပ်ကွက် ဝါးတရာအရှေ့ ရွှေပြည်သာမြို့နယ်တို့မှ အလှူငွေကျပ် ၁၁သိန်း၊ ဦးနီ-ဒေါ်လှမေ၊ သမီး ဒေါ်စန်းမြင့်၊ ဒေါ်ရွှေမ ဝါးတရာမှ အလှူငွေကျပ် ၁၅၀၀၀၀၊ အမေရိကန်နိုင်ငံ ဆရာတော်ဦးကေသဝ က အလှူငွေကျပ် ၁၂၀၀၀၀၊ ဦးအုံးမြင့်-ဒေါ်အမာမိသားစု တောင်ဥက္ကလာပမြို့နယ် တကောင်းလမ်းက အလှူငွေကျပ် ၁၀၀၀၀ တို့ကို ဇွန် ၁၈ ရက်တွင် စံကားဝါပင်ကျောင်း ဆရာတော် ဦးက္ကန္ဒောဘာသထံ လာရောက်လှူဒါန်းကြသည်။ လှူဒါန်းလိုသော အလှူရှင်များ အနေဖြင့် ၁၀ ပေ ပတ်လည် တစ်ခန်းလျှင် ငွေကျပ်၁၀သိန်းနှုန်းဖြင့် စံကားဝါပင်ကျောင်း ဆရာတော်ထံသို့လည်းကောင်း၊ ဖုန်း ၀၁-၃၈၀၈၈၄၊ ဦးဝင်း ဖုန်း-၀၉-၅၁၀၈၈၉၀နှင့်ပဲခူးတိုင်း အနောက်ပိုင်း ပြည်ခရိုင်သဲကုန်းမြို့ ကျောင်းကြီးကျောင်းပရိယတ္တိစာသင်တိုက် ဆရာတော် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော်ထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းနေ ဦးရှမ်းလေး(ခ)ဦးစိုးစိုး-ဒေါ်မြင့်မြင့်စန်း၊ သမီးမချိုမာဖြူ သား မောင်ဇော်ဝင်းထွန်း၊ မောင်စည်သူအောင် မိသားစုက ဘိုးဘွားများအား တစ်နေ့တာ အထူးအာဟာရကျွေးမွေးရန်နှင့် ငွေပဒေသာပင်၊ ဘိုးဘွားဆောင်သစ်ကြီးတို့အတွက် ငွေကျပ်၄၅၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျ ဓနသဟာယနိုင်ငံ သံအမတ်ကြီး မစ္စမီရှဲလီဆူဝန်ချန်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း-ရွှေဖုံး)
(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကာဇီမိုဟာမက်ခါလီလူလာအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း-ရွှေဖုံး)
(သတင်းစဉ်)

မုန်တိုင်းဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် အမြဲတမ်းနေအိမ်များ စတင်ဆောက်လုပ်လျက်ရှိ

ရန်ကုန် ဇွန် ၃၀

မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ အိုးအိမ်မဲ့ဖြစ်သွားသော ပြည်သူများအတွက် နိုင်ငံတော်၏ ထောက်ပံ့စီမံမှုများဖြင့်(၁၆ပေ×ပေ၂၀)အကျယ်ရှိ အုတ်ဖိနပ်ခုံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အမြဲတမ်းနေထိုင်နိုင်သည့် လူနေအိမ်များကို ဆောက်လုပ်ပေးလျက်ရှိသည့်အပြင် လေဘေးသင့်ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေးကိုလည်း အထောက်အကူပြု မတည်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ထူးထရေးဒင်းကုမ္ပဏီက လူနေအိမ် ၁၁၆ လုံးကို ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌ လည်းကောင်း၊ ငွေဆင်ကုမ္ပဏီက နေအိမ် ၁၀၈ လုံးကို ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌လည်းကောင်း၊ CB Bank ဥက္ကဋ္ဌဦးခင်မောင်အေးက နေအိမ် ၁၂၄ လုံးကို ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာ၌လည်းကောင်း၊ ဧဒင်အုပ်စုကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးချစ်ခိုင်က ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာနှင့်တိုးကျေးရွာတို့၌ နေအိမ် ၆၅ လုံးစီ စုစုပေါင်းနေအိမ် ၁၃၀ ကိုလည်းကောင်း၊ တော်ဝင်မိသားစုကုမ္ပဏီက လပွတ္တာမြို့နယ် ဇင်ရဲကျေးရွာ၌ နေအိမ်အလုံး ၈၀ ကိုလည်းကောင်း ဆောက်လုပ်လှူဒါန်းလျက်ရှိကြပြီး ကမ္ဘောဇအုပ်စုကုမ္ပဏီ ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းက နေအိမ်အလုံး ၁၀၀၀ ကို လပွတ္တာမြို့နယ်အတွင်း၌ ဆောက်လုပ်လှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)က နေအိမ်အလုံး ၂၀၀ ၊ မြန်မာနိုင်ငံဘဏ်များအသင်းက နေအိမ်အလုံး ၂၀၀ ၊ FMI + ရွှေသံလွင် + အရှုဏ်ဦးကုမ္ပဏီ သုံးခုက နေအိမ်အလုံး ၆၁၆ လုံး၊ ယုဇနကုမ္ပဏီကနေအိမ် ၃၈၅ လုံး၊ အေးရှားဝေါလ်ကုမ္ပဏီကနေအိမ် ၃၅၆ လုံး၊ ဇေကမ္ဘာကုမ္ပဏီက နေအိမ်အလုံး ၂၀၀၊ မက်စ်မြန်မာကုမ္ပဏီက နေအိမ်အလုံး ၂၀၀၊ တက်လမ်းဆောက်လုပ်ရေးက နေအိမ်အလုံး ၁၃၀၊ ဂိုးလ်ဒင်းဖလားဝါးကုမ္ပဏီက နေအိမ်အလုံး ၁၀၀၊ အော်ရီဂျင်နယ်ဂရု(ပ်)က နေအိမ်အလုံး ၉၀ တို့ကို လည်းကောင်း၊ ထပ်မံ၍ တော်ဝင်မိသားစုကုမ္ပဏီကနေအိမ်အလုံး ၃၂၀ နှင့် အောင်ချမ်းသာကုမ္ပဏီမှ ဦးနော်အောင်က နေအိမ်အလုံး ၅၀ ကို လည်းကောင်း၊ အခြားစေတနာရှင်များကလည်းကောင်း ဆောက်လုပ်လှူဒါန်းသွားရန် စာရင်းပေးသွင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖျာပုံမြို့နယ် ကဒုံကနိကျေးရွာ၌ ဆောက်လုပ်လျက်ရှိသည့် လူနေအိမ်များကို တွေ့ရစဉ်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာနှင့် ငပုတောမြို့နယ်တို့၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စစ်ဆေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပုသိမ်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော လေဘေးသင့် ရေလုပ်သားများအတွက် ပြန်လည်ထူထောင်ရေး အထောက်အကူပြု ငါးဖမ်းလှေတည်ဆောက်ရေးအလုပ်ရုံတွင် လှေတည်ဆောက်ရေး ကျွမ်းကျင်သူလုပ်သားများက လှေများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၃၀

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်အေး၊ ပုသိမ်လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပုသိမ်လေဆိပ်တွင် ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ပုသိမ်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လေဘေးသင့်ရေလုပ်သားများအတွက် ပြန်လည်ထူထောင်ရေး အထောက်အကူပြု ငါးဖမ်းလှေတည်ဆောက်ရေး အလုပ်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမင်းနောင်က လေဘေးသင့် ရေလုပ်သားများအတွက် ရေလုပ်ငန်းသုံးလှေများ တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လှေတည်ဆောက်ရေး အလုပ်ရုံ၌ လှေတည်ဆောက်ရေး ကျွမ်းကျင်သူလုပ်သားများက လှေများ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ရေလုပ်သားများ လူမှုစီးပွားဘဝ ပြန်လည်တိုးတက်မြင့်မားလာအောင် နိုင်ငံတော်က စေတနာထား၍ ပံ့ပိုးဆောင်ရွက်ပေးသော လုပ်ငန်းဖြစ်၍ ရေလုပ်သားများ ဆောလျင်စွာ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် လှေတည်ဆောက်ရေးလုပ်ငန်းကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်သွားရန်၊ လုပ်ငန်းလိုအပ်ချက်များကို ဝန်ကြီးဌာနက ပံ့ပိုးဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ပုသိမ်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာရှိ လှေတည်ဆောက်ရေး အလုပ်ရုံကို မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူတည်ဆောက်၍ လေဘေးသင့် ရေလုပ်သားများအတွက် လုပ်ငန်းသုံး လှေများကို လှေတည်ဆောက်ရေးကျွမ်းကျင်သူ လုပ်သား ၆၀ ဖြင့် အလျား ၂၁ ပေရှိ လိုင်းဒဏ်ခံနိုင်ရည်ရှိသော ဦးချွန်း ပဲ့ချွန်း လှေကို တစ်နေ့လျှင် ၁၅ စင်း တည်ဆောက်လျက်ရှိပြီး ဇူလိုင်လကုန်တွင် လှေစင်းရေ ၅၀၀ ပြီးစီးအောင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် မြို့နယ် ခုနစ်မြို့နယ်တို့မှ ရေလုပ်သားများအတွက် လုပ်ငန်းသုံးလှေများကို တာဝန်ယူတည်ဆောက်ပေးလျက်ရှိရာ လှေတည်ဆောက်ရေး အလုပ်ရုံများကို ဖျာပုံမြို့နယ်၌ တစ်နေရာ၊ ဘိုကလေးမြို့နယ်၌ နှစ်နေရာ၊ မော်လမြိုင်ကျွန်း မြို့နယ်၌ လေးနေရာ၊ လပွတ္တာမြို့နယ်၌ နှစ်နေရာ၊ အိမ်မဲမြို့နယ်၌ တစ်နေရာ၊ မြောင်းမြမြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ပုသိမ်မြို့နယ်တို့၌ နှစ်နေရာစီ စုစုပေါင်း ၁၆ နေရာတို့၌ ဖွင့်လှစ်ဆောင်ရွက်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျောက်မှော်ကျေးရွာ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက လွှဲပြောင်းပေးအပ်သော ငါးဖမ်းစက်လှေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ပုသိမ်မြို့နယ် ကြောင်ပန်းကုန်းကျေးရွာတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော လေဘေးသင့် ရေလုပ်သားများအတွက် ပြန်လည်ထူထောင်ရေး အထောက်အကူပြု ငါးဖမ်းလှေတည်ဆောက်ရေး အလုပ်ရုံတွင် လှေတည်ဆောက်ရေး ကျွမ်းကျင်သူလုပ်သားများက တည်ဆောက်ထားသော လုပ်ငန်းသုံးလှေများကို တွေ့ရစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငပုတောမြို့နယ်ချောင်းဝကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲနှင့် စာသင်ခုံများ လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက လွှဲပြောင်းပေးအပ်သော ရေလုပ်ငန်းသုံးပိုက်ကွန်များနှင့် ငါးဖမ်းပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငပုတောမြို့နယ် ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေများကို ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

✳ စာမျက်နှာ ၄ မှ

လျက်ရှိရာ လှေအစင်းပေါင်း ၆၄၄ စင်းတို့ တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ရေလုပ်ငန်းသုံးလှေများကို လိုအပ်ချက်ပြည့်မီအောင် ဆက်လက် တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲ ၁၂ နာရီခွဲတွင် လပွတ္တာမြို့နယ် (၃)မိုင် လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လပွတ္တာမြို့နယ် လေဘေးသင့် ဒေသများအား ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာအုပ်စု ကျောက်မှော်ကျေးရွာ၌ ကျင်းပသည့် လေဘေးပြန်လည်ထူထောင်ရေးအတွက် ငါးဖမ်းလှေများနှင့်ငါးဖမ်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်သည် လွှဲပြောင်းပေးအပ်မည့် ရေလုပ်ငန်းသုံး လှေများကို ရွှေးမြစ်အတွင်း၌ စမ်းသပ်မောင်းနှင်ပြသမှု၊ ရေလုပ်ငန်းသုံး ငါးဖမ်းပိုက်မျိုးစုံတို့ဖြင့် ပိုက်တားခြင်း၊ ကွန်ပစ်ခြင်း၊ ရင်တွန်းပိုက်ဖြင့် ပိုက်ထိုးငါးဖမ်းပုံ သရုပ်ပြနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ငါးဖမ်းစက်လှေများနှင့် ငါးဖမ်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နယ်မြေတာဝန်ခံ သမဝါယမဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်တင်ထွတ်ထံ ငါးဖမ်းစက်လှေ ၂၂၆စင်း၊ ကွန်အလက် ၅၇၀၊ရင်တွန်း(ခေါ်) ဂေါ်တိုးအလက် ၇၀၀နှင့် သုံးလက်မ ငါးမျိုးစုံပိုက်အဖုံ ၂၅၀ တို့ကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ လပွတ္တာမြို့နယ် နယ်မြေတာဝန်ခံ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် ဟိုင်းကြီးကျွန်းဒေသနယ်မြေတာဝန်ခံ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့ထံ ထွန်းရတနာစိန် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းက လပွတ္တာမြို့နယ်နှင့် ငပုတောမြို့နယ်ရှိ ဆားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် ငွေကျပ်သိန်း ၁၀၀၀ နှင့် အဝတ်အထည်မျိုးစုံ ၄၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာအုပ်စု ကျောက်မှော်ကျေးရွာ၌ လေဘေးပြန်လည် ထူထောင်ရေးအတွက် လွှဲပြောင်းပေးအပ်မည့် ငါးဖမ်းကိရိယာများကိုတွေ့ရစဉ်။
(သတင်းစဉ်)

နှုတ်ဆက်အားပေး

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငပုတောမြို့နယ်ချောင်းဝကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အတွက် အလှူငွေပေးအပ်ပွဲနှင့် စာသင်ခုံများလှူဒါန်းပွဲအခမ်းအနားတွင် တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။
(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

မေတ္တာအားမာန်

ခင်ဦး

(က)

ဩော်-သမီးရယ်။ အမေတို့က ငယ်လင်ငယ်မယားလေ။ အမေတို့ စပြီးအကြောင်းပါကတည်းက လယ်ပိုင်၊ ကျွဲပိုင်မရှိဖူးပါဘူး။ ကိုရင်အေးဖေက တစ်သက်လုံး သူရင်းငှား လုပ်လာရတာ။ မုန်တိုင်းတိုက်တုန်းကလား၊ မုန်တိုင်းလို့တောင် စစချင်း မထင်မိပါဘူး။ လေပြင်းတွေတိုက်တယ်၊ ဒီရေတက်တယ်လို့ပဲထင်တာ။ အမေတို့တဲလေးက အနိမ့်ပိုင်းကျတာပေါ့၊ လေတွေတဖြည်းဖြည်း ပြင်းသထက်ပြင်းလာတယ်၊ လေသံတွေကလည်း အမေ့နားထဲမှာ ဥဩဆွဲနေသလိုပဲ။

သမီး-အဘက ငယ်ငယ်ကတည်းက ပင်ပန်းခဲ့တဲ့ ဒဏ်တွေကြောင့် တမြန်နှစ်က အောက်ပိုင်းချည့်သလို ဖြစ်သွားရှာတယ်။ မျက်စိနှစ်လုံးစလုံး ကောင်းကောင်းမမြင်ရှာပါဘူးကွယ်။ ရွာက ဝမ်းဆွဲဆရာမလေးက တိမ်စွဲတယ်လို့ ပြောတာပဲ။ မုန်တိုင်းစဝင်တော့ အမေတို့တဲလေးက တစ်ခါတည်း လေပြင်းတစ်ချက်အမှေ့မှာ စစချင်း ပါသွားတာပေါ့။ တဲထဲက ဝါးကွပ်ပျစ်ပေါ်က ကိုရင်က "ဘာဖြစ်တာလဲ မြမေ၊ ဘာဖြစ်တာလဲ"ဆိုပြီး ကယောင်ကတမ်းအတင်းကျိုးထတာ အမေတို့နှစ်ယောက်လဲ ရွှဲရွှဲစို၊ ရေတွေက တက်လာတာ ပေါင်လယ်လောက်ရှိပြီ၊ အမေလည်း ဘာပြောကောင်းမလဲ၊ အသက် (၇၀) ကျော်ပြီ။ တစ်ခါမှ အခုလောက် အားမရှိဖူးဘူး။ သမီးတို့ အဘကို ကုန်းပိုးပြီး ဟိုးခပ်လှမ်းလှမ်း ကုန်းစောင်းက ဇရပ်ဆီကိုသွားတာ။

သမီးရယ်၊ အမေ့ဘဝမှာ အဲဒီအခါလောက်ကြောက်တာ၊ အားငယ်တာ၊ မောပန်းတာမရှိဖူးပါဘူး။ ကိုရင်ကတော့ စကားတောင် မပြောနိုင်ရှာတော့ဘူး။ ကုန်းစောင်းကလား၊ ကုန်းစောင်းက ရွာက သင်္ချိုင်းလေ။ ဇရပ်ပေါ်ရောက်တော့ သမီးအဘ တစ်ကိုယ်လုံး အေးစက်နေတာ။ အမေလေ တစ်ကိုယ်လုံးကို နှိပ်နယ်ပေးပြီး ခြေဖဝါးအလယ်ချက်ကို လက်မနှင့် တစ်ညလုံး ထိုးထိုးနှိပ်ပြီး အကြောဖွင့် ပေးနေတာ။ ချမ်းလွန်းလို့ အပူမျှအောင် လုပ်ပေးနေတာ။ ခြေဖခွက်က အကြောဆုံမဟုတ်လား သမီးရဲ့။ ဂုဏ်တော်တွေလည်း ပွားများရွတ်ဖတ်ပြီး မေတ္တာပို့နေတာ၊ မနက်လင်းတော့ အနားက ကန်စွန်းညွန့်၊ ကနဖော့ညွန့်တွေကို ဝါးပြီး သမီးအဘ ပါးစပ်ထဲထည့်ပေးတာ။ အရည်လေးသောက်ရ၊ အဖတ်ကလေးဝင်တော့ တစ်မျိုးလေး သက်သာအောင် ရှာကြံလုပ်တာပေါ့သမီးရယ်။

အမေလား- အမေ မအိပ်ပါဘူး။ အမေအိပ်ပျော်ရင်၊ ခံနိုင်ရည်မရှိရင် ကိုအေးဖေ သေမှာပေါ့။ အမေတို့မှာ ငယ်ငယ်ကတည်းက ဒိုးတူပေါင်ဖက် လုပ်ကိုင်စားလာတာ။ သားတစ်ယောက် မွေးပါတယ်။ သက်န်းမဆီးခင် ပိုးထိလို့ ဆုံးပါကော သမီးရယ်။ လင်ကိုယ်မယား နှစ်ယောက်ရှိတာ။ အမေ့ခင်ပွန်းကို အမေမပြုစုလို့ ဘယ်သူပြုစုမလဲ။ **"သားကိုသခင် လင်ကိုဘုရား"** ဆိုတဲ့စကား သမီးတို့လည်း ကြားဖူးမှာပေါ့။ **အမေကတော့လေ သေချင်းသေ၊ အမေအရင်သေရင်သေ၊ ကိုအေးဖေကိုတော့ မသေစေချင်ဘူး။ သူ့ရဲ့ကုသိုလ်ကံလေး ရှိသမျှ အမေ့ရဲ့ အားထုတ်မှုနှင့် အသက်ရှင်စေချင်တယ်။ အမေ့ရဲ့မေတ္တာ၊ အမေရဲ့ခွန်အားနှင့် အမေ လုပ်ကျွေးပြုစုချင်တယ်။ အမေက ကျွဲ၊ နွား အငှားကျောင်းတာပေါ့ သမီးရယ်။ အသီးအရွက်ကလေး တွေလည်း ခူးရောင်းတယ်။ အခုတော့ ကယ်ဆယ်ရေးအဖွဲ့က ဆေး ဝန်ထမ်းတွေ ကောင်းမှုကြောင့် ကိုအေးဖေကို သမီးတို့မြင်တဲ့အတိုင်းပဲ၊ အလုံးကြီး (အားဆေး)တွေ လက်ကသွင်းလိုက်တာ စကားတောင် သွက်သွက်ပြောနိုင်တယ်။**

ကိုရင် အခုလိုကျန်းမာလာတာ အမေလေ ထီဆုကြီးတွေနှင့်တောင် မလဲနိုင်ပါဘူးကွယ်။

(ခ)

အစ်မရယ်- ကျွန်မယောကျ်ားလား၊ ပင်လယ်ထွက်သွားတယ်၊ ငါးဖမ်းတာလေ။ ပိုက်ကတော့ အပိုင်မဟုတ်ဘူး၊ ခေါက်စားငှားရတာ။ မုန်တိုင်းဝင်တော့လား၊ အစ်မရယ် ကျွန်မတို့က ပင်လယ်နား၊ ချောင်းနားနေရတာမဟုတ်လား။ နောက်ပြီး ကျွန်မတို့စားဝတ်နေရေးကလည်း ရေမရှိလို့ မဖြစ်ဘူးလေ။ မိုးကြီးတယ်၊ ရေတက်ကြမ်းတယ်လို့ပဲထင်တာ။ သမီးလား- သမီးလေးက အခါလည်ကျော်ပြီ။ ကျွန်မတို့ဘဝမှာ တစ်သက်လုံးရေနဲ့ လုပ်စားလာတာ၊ ရေလည်းကူးတတ်တယ်၊ ပိုက်လည်းချတတ်တယ်၊ ကလေးငယ်လို့ လိုက်မသွားတာ။ သူလည်းအခုသေပြီလား၊ ရှင်ပြီလား မသိဘူး။ အခုထက်ထိတော့ ဘာအကြောင်းမှ မကြားရပါဘူး။ အဲဒီညက ရေတွေတဝေါဝေါနှင့် တက်လာတာ၊ အိမ်ကသိမ့်ခနဲ ဖြစ်သွားတော့ ပုခက်ထဲက ကျွန်မသမီးကို ကောက်ချီလိုက်တာ တစ်ခါတည်း အစ်မရယ် ရေလုံးနှင့် မျောသွားတာပဲ။ ကျွန်မသမီး ရေမွှမ်းမှာ စိုးလို့တတ်နိုင်သမျှ လက်ကိုမြှောက်၊ ခြေထောက် အားကိုးပြီး အားကုန် ကျွန်မလည်းကူးတာပေါ့။ ရှေ့မှာ လမုပင်ကြီးတစ်ပင်ကို တွေ့တော့ အဲဒီအပင်ဆီကို အားစိုက်ပြီးသွားတာ။ ဒီအတိုင်း လျှောက်မျောနေရင် သမီးရောကျွန်မပါ ရေထဲမြုပ်တော့မယ်။ လမုပင်နားရောက်တော့ လက်တစ်ဖက်နှင့် အားကုန်ဆွဲ၊ အပင်ခွကြားကိုရောက်အောင်တက်၊ ဆူးတွေလား၊ ခြစ်မိတာပေါ့၊ ဘာပြောကောင်းမလဲ၊ အပင်ခွကြားရောက်မှ သမီးကိုကြည့်တော့ ရေဝင်ပြီး မျက်နှာတွေပြာနေပြီ။ သမီးကိုပခုံးပေါ်တင် ကျောကုန်းလေးကို ဖိဖိပေးပြီး ရေအန်အောင်ထုတ်ပေး၊ ကံကောင်းချင်တော့ ကျွန်မဝတ်ထားတာ ဖလန်နယ်အင်္ကျီ ဖြစ်နေတယ်။ အင်္ကျီကို ချွတ်ပြီး သမီးကို ထွေးလိုက်တယ်။ ကျွန်မ ကျောကုန်းကလေး၊ လေနှင့်မိုးရေပက်တဲ့ တိုက်တဲ့ဒဏ်တွေလေ၊ ကြာပွတ်နှင့်ရိုက်နေသလိုပါပဲ။ တစ်ညနှင့် နေ့ဝက်က ကြုံကြုံခံနေရတယ်။ သမီးကိုတော့ ကျွန်မ နို့တိုက်ထားပြီး မှိန်းနေစေတာပေါ့။ လက်အံသေပြီး ပြုတ်မကျအောင် ထိန်းရတာပေါ့။

ကျွန်မသမီးကလေး အသက်ရှင်ဖို့ အရေးကြီးတယ်။ ကျွန်မကတော့ ဘာပဲဖြစ်ဖြစ် လူ့ဘဝမှာလည်း အတော်အသင့် နေဖူးပြီ၊ အခုမှဘဝစလာတဲ့ သမီးလေး ထိခိုက်ဒဏ်ရာမရှိဘဲ အသက်ရှင်နေဖို့ အဓိကပါပဲ။ ကျွန်မသမီးက ကျွန်မဘဝပဲ။ သမီးအတွက်ဆိုရင် ကျောကုန်းက အနာဖြစ်တာ ဘာအရေးလဲ အသက်တောင် စွန့်ဝံ့ပါတယ်။

(ဂ)

သူငယ်ချင်း- ထိုင်လေ။ သက်သာပါတယ်။ ခြေထောက်က ပုံမှန်ပြန်ဖြစ်မှာတဲ့။ ခင်လေး- နင်ငါ့ကိုကြည့်တဲ့ အဓိပ္ပာယ်ကို ငါသိပါတယ်။ ငါ့စိတ်ပုံမှန်ရှိပါတယ် သူငယ်ချင်းရယ်။ ငါလေ နင်နဲ့နှစ်ယောက်တည်းတွေ့တုန်း ပြောပြချင်တယ်။ ကိုယ့်ယောကျ်ားတစ်ယောက်လုံး ကိုယ့်မျက်စိရှေ့မှာ အဖြစ်ဆိုးနှင့် သေဆုံးသွားတာကိုမြင်ရတာ ငါသွေးပျက်မတတ် ခံစားရတာပေါ့။ ဖြစ်နိုင်ရင် ငါပဲ အားလုံးအတွက် ခံပေးလိုက်ချင်တယ်။ နင်သိတဲ့အတိုင်းပဲ။ ငါ့ကျောင်းဆရာမအလုပ်က တစ်နယ်မှာ၊ သူ့စီးပွားရေး အလုပ်က တစ်နေရာလေ။ ငါလည်း ကျောင်းပိတ်တုန်း သူ့စက်ရုံမှာ သူနှင့်အတူ ဝိုင်းကူလုပ်နေတာ၊ အိမ်တောင်မပြန်ဘူး။ ဖြစ်တဲ့ညက စက်ရုံမှာ ငါတို့မိသားစုပဲရှိတာ။ အလုပ်သမားတွေလည်း တစ်ယောက်မှမရှိဘူး။ ခေါင်မိုးက သွပ်တွေလန်၊ အပြင်ဘက်က အပင်ကျိုးကျတဲ့ အသံတွေက ဆူညံနေတာပဲ။ ငါလေ ကိုကျော်မောင်ကို ပြောသေးတယ်၊ အိမ်ပြန်နေရအောင်ပေါ့နော်။ သူကလည်း စက်ရုံကို စိတ်မချလို့၊ မထူးပါဘူးမိန်းမရယ်တဲ့ အိမ်နှင့်စက်ရုံ ဘယ်နေရာမှာနေနေ အတူတူပါပဲတဲ့။ စက်ရုံခေါင်မိုးက ဂျိုးဂျိုးဂွှတ်ဂွှတ် အသံတွေကို ငါတို့ကြားတယ်။ အခုလို ပြိုကျမယ်လို့ မထင်ဘူး။ ဝုန်းခနဲ ပြိုကျလိုက်တဲ့ အသံကြားတာနှင့် ငါလည်းနီးရာ သမီးနှစ်ယောက်ပေါ်ကို အတင်းပြေးအုပ်ပြီး အပေါ်က ငါ့ကိုယ်နှင့် ကာလိုက်တာ ငါ့ခြေထောက်ပေါ်ကို အခုလို ထုပ်တန်းတွေ ပိကုန်တာ။ ကိုကျော်မောင်နှင့် ငါ့မောင်လေး ကတော့ မြင်ရက်စရာ မရှိပါဘူး။ ငါလေမနည်းဘဲ စိတ်ကိုတင်းပြီး၊ ကြောက်လို့တုန်နေတဲ့ သမီးကြီးကို ဖက်ထားရတယ်။ အငယ်မက နည်းနည်း သတ္တိကောင်းတယ်၊ သူ့ကို နားလည်အောင် ပြောရတယ်။ ရပ်ကွက်ထဲကိုသွား၊ တွေ့တဲ့လူကို အကူအညီတောင်းဖို့၊ သမီးအမြန်ဆုံးရောက်မှ သမီးအဖေကို ဆွဲထုတ်ပြီး အသက်ကယ်လို့ရမယ်လို့ ပြောရတယ်။

ခင်လေးရယ်- သမီးလေးက သူ့ဘောင်းဘီကို ဆွဲတင်ဝတ်ပြီး အားကုန်ပြေးတာလေ။ ငါသိပါတယ်၊ ကိုကျော်မောင့်ကို ငါတို့မကယ်နိုင်တော့ဘူး၊ မရတော့ဘူး။ ဆိုတာလေ။ သမီးလေးလူတွေခေါ်ပြီး ပြန်ရောက်တော့ အမောဆို့ပြီး စကားတောင် မပြောနိုင်ဘူး။ ငါလေ ငါ့ဒဏ်ရာကို မကုနိုင်သေးဘူး၊ ကိုကျော်မောင်နှင့် ငါ့မောင်လေး အလောင်းတွေကို ရအောင်ဆွဲထုတ်ပြီး ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ခဲ့ရလို့ ကျေနပ်တယ် သူငယ်ချင်း။ ငါ့မျက်နှာကလား၊ ဘာအဓိပ္ပာယ်မှ မရှိဘူး၊ ဘာခံစားချက်မှ မရှိဘူး ဟုတ်လား။ မထင်ပါနဲ့။ သူငယ်ချင်းရယ်။ ရင်ကိုခွဲပြချင်တယ်။ **ငါပုံလဲသွားလို့မရဘူး မဟုတ်လား။ သမီးနှစ်ယောက်ရဲ့ ရှေ့ရေးအတွက် ကိုကျော်မောင့်နေရာကော ငါ့နေရာပါ ငါရပ်ရတော့မယ်လေ။ ငါ့အတွက် ဘဝမရှိတော့ဘူး၊ သမီးတွေအတွက်ပဲ ဘဝရှိတော့တယ်။** ။

(မြန်မာအမျိုးသမီးများအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။)

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2008

မြန်မာ့ကြွေရှင်

☆ ဒို့မြန်မာ အမျိုးသမီးထု
စည်းလုံးမှု အင်အားညီ၊
နိုင်ငံတကာ ရင်ပေါင်တန်းနိုင်တဲ့
စွမ်းရည်ပြည့်မီ၊
စိတ်ထားက တည်ကြည်
ဉာဏ်ရည်က မြင့်မား။
စရိုက်ဖြူ အမူအကျင့်ရယ်နဲ့
မြင့်မြတ်သူများ။

☆ ဒို့မြန်မာ အမျိုးသမီးထု
နိုးကြားမှု အားမာန်၊
မောင်တစ်ထမ်း မယ်တစ်ရွက်
သွက်လက်လျင်မြန်၊
ကိုယ့်ထုံးနဲ့ ကိုယ့်စံ
ကိုယ့်ဟန်နဲ့ ကိုယ့်ဓလေ့။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကို
မြတ်နိုးခင်မွေ့။

☆ အလှတွင် အယဉ်ဆင့်
အစဉ်သဖြင့် ကြွေရှင်၊
ဒို့မြန်မာ အမျိုးသမီးများ
ထင်ရှားပေါ်လွင်၊
မြန်မာမှု ဂုဏ်အင်
ခံ့မင်လို့ လေးစား။
သမိုင်းစဉ် မော်ကွန်းထိုးခဲ့တယ်
မျိုးရိုးမြင့်မား။ ။

(မြန်မာအမျိုးသမီးများနေ့ကို ဂြိုဆိုဂုဏ်ပြုလျက်-)

ရေနံ့သာ
မောင်ကျော်ညွန့်

ကျွန်မသမီးကလေး အသက်ရှင်ဖို့ အရေးကြီးတယ်။ ကျွန်မကတော့ ဘာပဲဖြစ်ဖြစ် လူ့ဘဝမှာလည်း အတော်အသင့်နေဖူးပြီ၊ အခုမှဘဝစလာတဲ့ သမီးလေး ထိခိုက်ဒဏ်ရာ မရှိဘဲ အသက်ရှင်နေဖို့ အဓိကပါပဲ။ ကျွန်မသမီးက ကျွန်မဘဝပဲ။ သမီးအတွက်ဆိုရင် ကျောကုန်းကအနာဖြစ်တာ ဘာအရေးလဲ အသက်တောင် စွန့်ဝံ့ပါတယ်။

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစား ပို့ကုန်လုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်

ရန်ကုန် ဇွန် ၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဇွန် ၂၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင်မုန်တိုင်းပြီးနောက် စက်မှုဇုန်များ အမြန်ဆုံးပုံမှန်ပြန်ဖြစ်ရေးအတွက် လျှပ်စစ်မီးပြန်လည်ရရှိရေးနှင့် ရေရရှိရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်လည်း အနီးကပ်ကြပ်မတ် ဆောင်ရွက်ပေးခဲ့သည့်အတွက် လျှပ်စစ်ဓာတ်အားနှင့် ရေကို လျင်မြန်စွာ ပြန်လည်ရရှိပြီး ယခုအခါ နဂိုပုံမှန်အတိုင်း ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ ရန်ကုန်မြို့သည် စီးပွားရေးမြို့တော် ဖြစ်သည်နှင့်အညီ စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားကြစေလိုကြောင်း၊ မြို့တွင်းက သံရည်ကျိုစက်ရုံများ မြောင်းတကာသံရည်ကျိုစက်မှုဇုန်သို့ ပြောင်းရွှေ့တည်ဆောက်ကြခြင်းဖြင့် ရန်ကုန်မြို့တွင်း လျှပ်စစ်မီးဝန်အားမနိုင်မှု ချို့ယွင်းချက်ပပျောက်သွားမှာဖြစ်ကြောင်း၊ ပို့ကုန်လုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး လိုအပ်သည်များကိုလည်း ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသွားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ၊ လမ်းပိုင်းပြုပြင်မှုနှင့် ရေရရှိရေးတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက စက်မှုဇုန်များ၏ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များအပေါ် ဌာနဆိုင်ရာတာဝန်ရှိသူများက အသေးစိတ် ဖြေကြားရှင်းလင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနိဂုံးချုပ် အမှာစကားပြောကြားကာ မွန်းလွဲ ၂ နာရီခွဲတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၇-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၅ ၈။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဗိုးဗိုးဒေါက်ဒေါက် ဘုန့်ဘောက် အပိုင်း(၁၃)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ မွေးမြူသုတ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း(၂၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်တောင်ပိုင်းခရိုင် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးပွဲ တက်ရောက်

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တောင်ပိုင်းခရိုင်၏ တစ်မိုးနှစ်သီး(ပထမစပါး)တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးပွဲကို ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ လယ်သမားကြီး ဦးမြင့်ဦး၏ စံပြ(၁၆)ဧက စိုက်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေး ချီးမြှင့်သည်။

အစီအစဉ်အရ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကိုထွန်းနှင့် ရန်ကုန်တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးဝင်းမြင့်တို့က ရန်ကုန်တိုင်းနှင့် သန်လျင်မြို့နယ်အတွင်း မိုးစပါးနှင့် တစ်မိုးနှစ်သီးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများ၊ တစ်မိုးနှစ်သီးစပါး စိုက်ပျိုးသည့် နည်းစနစ်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားပြီး တစ်မိုးနှစ်သီးပထမစပါးအား မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးနေမှု၊ သဘာဝသစ်ရွက်ဆွေးမြေဩဇာနှင့် ဓာတ်မြေဩဇာရောစပ်၍ ကြဲပက်နေမှုများ၊ တစ်ဘီးတပ်လယ်ယာ(၁၆)၊ လယ်ယာ (၂၂)၊ ဒေါင်ဖန်း လက်တွန်းလယ်ထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ရန်ကုန်တောင်ပိုင်းခရိုင် အနေဖြင့် ယခုနှစ်စိုက်ပျိုးရာသီအတွင်း မိုးစပါးဧက ၇၉၀၀၀၀ကျော်၊ တစ်မိုးနှစ်သီးစပါးဧက ၂၅၀၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိပြီး ဇွန် ၂၉ ရက်အထိ မိုးစပါးဧက ငါးသိန်းနှစ်သောင်းနှင့် တစ်မိုးနှစ်သီးဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် သန်လျင်မြို့နယ် တစ်မိုးနှစ်သီး ပထမစပါးအား မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗဟိုလမ်းနေ ဦးစော-ဒေါ်ခင်ကြည်မိသားစုက ဆေးပဒေသာပင် ငွေကျပ် ၁၀၀၀၀၀ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အကျိုးဆောင် အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြစ်ဝကျွန်းပေါ်ဒေသ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများတွင် တပ်မတော်(ရေ)မှ ပါဝင်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ စပါးကျီတစ်ခုဖြစ်သည်။

ဆန်စပါး အလျှံပယ်ထွက်ရှိသည့်အပြင် မြစ်ချောင်းအင်းအိုင်လည်း ပေါများသည်။ မကြာမီက တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သည့် မုန်တိုင်း ဒီရေသည် ဧရာဝတီတိုင်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ပြည့်လျှံကာ ရေလွှမ်းခဲ့သဖြင့် သေဆုံးပျက်စီးမှုများ ရှိခဲ့သည်။

ပျက်စီးဆုံးရှုံးခဲ့မှုများကို ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်တည်းဖြင့် မစွမ်းဆောင်နိုင်၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ဆောင်ရွက်ခဲ့ကြရသည်။ ထိုသို့ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာတွင် ဧရာဝတီတိုင်း သည် မြစ်ချောင်းများ ပေါများသဖြင့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များကစုန်ဆန်သွားလာကာ မေလ ၅ ရက်နေ့မှ ယနေ့အထိ ကြိုးစားကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

လေဘေးသင့်ခံရသည့် ဧရာဝတီတိုင်းအတွင်း လပွတ္တာ၊ ဘိုကလေးနှင့် ဟိုင်းကြီးကျွန်းမြို့များရှိ တပ်မတော် (ရေ) မှ စစ်ရေယာဉ်များ၊ အရာရှိနှင့် စစ်သည်များသည်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

လပွတ္တာ၊ ဘိုကလေးနှင့် ဟိုင်းကြီးကျွန်းမြို့တို့ရှိ ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တပ်မတော်(ရေ) အနေဖြင့် တပ်ဖွဲ့ဝင်များ၊ စစ်ရေယာဉ်များကို အင်အားပြည့် အသုံးပြုပြီး သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေတွင်း၊ ရေကန်များ ဆယ်ယူပေးခဲ့ရာ ဟိုင်းကြီးကျွန်းဒေသတွင် ရေတွင်းရေကန် ၃၆ကန်၊ဘိုကလေးမြို့နယ်အတွင်း ရေတွင်း ရေကန် ၂၀ နှင့် လပွတ္တာမြို့နယ်တွင် ရေတွင်း ရေကန်ပေါင်း ၂၄ ကန်ဆယ်ယူပေးခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။

တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်များ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌ လူနေအိမ် တည်ဆောက်မည့် နေရာ ပတ်ဝန်းကျင်တွင် သန့်ရှင်းရေးဆောင်ရွက်နေကြစဉ်။

ထို့အပြင် ငပုတောမြို့နယ်ရှိ ကျေးရွာ စာသင်ကျောင်း ၁၀ ကျောင်း၊ လပွတ္တာမြို့နယ်ရှိ ကျေးရွာ စာသင်ကျောင်း ၁၀ ကျောင်းနှင့် ဘိုကလေးမြို့နယ်ရှိ ကျေးရွာစာသင်ကျောင်း ခြောက်ကျောင်းတို့ကိုလည်း ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့သည်။

တပ်မတော်(ရေ)မှ စစ်သည်များ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် ဒေသခံပြည်သူများအား ဆံပင်ညှပ်ပေးစဉ်။

အလားတူ ဟိုင်းကြီးကျွန်း ဒေသတွင်ဘုန်းတော်ကြီးကျောင်း ၂၂ ကျောင်း၊ လပွတ္တာမြို့နယ် အတွင်း ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း၊ ဘိုကလေး မြို့နယ်အတွင်း ၁၉ ကျောင်း တို့ကိုလည်း ပြုပြင်ပေးနိုင်ခဲ့ ကြောင်း သိရှိရသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင် တည်ဆောက်ရေး လုပ်ငန်းများကို ဘက်စုံ ပြုပြင် လုပ်ကိုင်ရသည်ဖြစ်ရာ ဟိုင်းကြီး ကျွန်း၊ လပွတ္တာ၊ ဘိုကလေး မြို့နယ်အတွင်းတွင် မြေသားလမ်း ပြုပြင်ပေးခြင်း၊ မြေသားလမ်း အသစ်များ ဖောက်လုပ်ပေးခြင်း များတွင် ပါဝင် ဆောင်ရွက်ပေးခဲ့ သဖြင့် စုစုပေါင်း မြေသားလမ်း အရှည်ပေ ၃၉၉၀ ဖြစ်ထွန်း ပေါ်ထွက်လာခဲ့သည်။ တစ်ဖန် လေဘေးသင့် ပြည်သူများအတွက် နေအိမ်များ ပြုပြင်ဆောက်လုပ်ပေးရာတွင် ဟိုင်းကြီးကျွန်းဒေသ အတွင်း နေအိမ် ၁၈၁၂ လုံး၊ လပွတ္တာမြို့နယ်အတွင်း နေအိမ် ၁၀၄ လုံးနှင့် ဘိုကလေးမြို့နယ် အတွင်း နေအိမ် ၉၈ လုံးကို ပြုပြင် တည်ဆောက်ပေးနိုင်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်

တပ်မတော် (ရေ)မှ ဆေးဝန်ထမ်းများ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးစဉ်။

မုန်တိုင်းကြောင့် ပင်လယ်ဒီရေများလည်း တက်ခဲ့သဖြင့် ဒေသခံပြည်သူများအား ကူးစက်ရောဂါနှင့် နာမကျန်းဖြစ်မှုများ မဖြစ်ပွားစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တပ်မတော်(ရေ)မှ ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းဒေသ အတွင်း လူနာ ၉၈ ဦး၊ လပွတ္တာမြို့နယ် အတွင်း လူနာ ၇၃ ဦး၊ ဘိုကလေးမြို့နယ်အတွင်း လူနာ ၅၁၈ ဦးတို့ကို ကွင်းဆင်းကုသပေးနိုင်ခဲ့သည်။ထို့အပြင်တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်များ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန် ပူးပေါင်းလုပ်ကိုင်မှုအနေဖြင့် ပါဝင်လုပ်ကိုင်ပေးခဲ့ရာဟိုင်းကြီးကျွန်းဒေသ အတွင်း လယ်ဧက ၇၀၊ လပွတ္တာမြို့နယ်တွင် လယ်ဧက ၁၁၅ ဧကနှင့် ဘိုကလေးမြို့နယ်အတွင်း လယ်ဧက ၃၈ ဧကတို့ကို တပ်မတော်(ရေ)မှအရာရှိ၊ စစ်သည်များက ဒေသခံ တောင်သူလယ်သမားတို့နှင့်အတူ ပူးပေါင်းပါဝင်ထွန်ယက်ပေးခဲ့သဖြင့် ကျေးလက်တောင်သူများနှင့် တပ်မတော် (ရေ)မှ အရာရှိ၊ စစ်သည်တို့မှာ

တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြိုလဲကျနေသော သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းဖယ်ရှားနေစဉ်။

...ဆောက်ရေး ...တ်တမ်းများ

ရေကိုသား၍ အကြားမထင်သကဲ့သို့ ခွဲမရအောင် တစ်သားတည်းဖြစ်နေခဲ့သည်။

လေဘေးသင့်ခံရသည့် ဧရာဝတီတိုင်း မြို့နယ်များတွင် ရေလုပ်သားများ၏ လုပ်ငန်းများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာရေလုပ်သားများအား ကူညီထောက်ပံ့မှုအနေဖြင့်တပ်မတော်(ရေ)သည်ဒီဇယ်ဆီဂါလန် ၁၀၀၀၊ ငါးဖမ်းလှေ ၅၅ စင်း နှင့် အရှည် ၂၀ ပေ၊ အကျယ်လေးပေရှိသော ဖိုက်ဘာလှေ ၃၁ စင်းတို့ကို ဘိုကလေးမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့အတွင်းရှိ လေဘေးသင့်ရေလုပ်သားများထံ ဖြန့်ဖြူးပေးခဲ့သည်။

တပ်မတော်(ရေ) အနေဖြင့် လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စေတနာထား ဆောင်ရွက်ခဲ့ရာတွင် ဇွန်လ ၂၅ ရက်နေ့အထိ စားသောက်ကုန် ၉၇၂ ဒသမ၂၃တန်၊ လူသုံးကုန်

တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု သပြေ (တန္တေ) ရွာတွင် ကျေးရွာပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ပစ္စည်း ၂၆၀ ဒသမ ၉၉တန်နှင့် ဆောက်လုပ်ရေးပစ္စည်း ၆၉၇ ဒသမ ၁၅ တန်တို့ အပါအဝင် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း ၂၅၅၅ ဒသမ ၈၄ တန်ကို စစ်ရေယာဉ်များဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အပြင် လေဘေးသင့်ဒေသဆားငန်ရေဝင်ရောက်ခဲ့သော နေရာများတွင် ရေငန်ဒဏ်ခံ မျိုးစပါးများ အပါအဝင် စိုက်ပျိုးရေး ပစ္စည်း ၇၆၂၄ ဒသမ ၄၇၅ တန်ကို စစ်ရေယာဉ်များ ဖြင့် သယ်ယူ ပို့ဆောင်နိုင်ခဲ့သည်။ မြစ်ချောင်း ပေါ်များသဖြင့် တပ်မတော် (ရေ)မှ စစ်ရေယာဉ်များ

ပြန်လည်ထူထောင်တည်ဆောက်ရေးပစ္စည်း ဖြန့်ဝေပေးမှုမှာ အလွန်ပင် ထိထိ ရောက်ရောက် ရှိခဲ့သည်။ထို့အပြင် မုန်တိုင်းဒဏ်ကြောင့် တစ်ရွာလုံး ထိခိုက်ပျက်စီးမှုရှိခဲ့သည့် လပွတ္တာမြို့နယ် အောက်ပြွန်ဝရွာရှိ မိသားစု ၁၂၀ အတွက် တပ်မတော် (ရေ) ၏ ဧည့်ဝတီရေတပ်စခန်း ဌာနချုပ်မှ အရာရှိ၊ စစ်သည်အင်အားဖြင့် တဲအိမ်များ ဆောက်လုပ်ပေးနိုင်ခဲ့သည်။ မိုးမကျမီ အဆိုပါမိသားစု ၁၂၀ အား ယာယီရွက်ဖျင်တဲများမှ တဲအိမ်များပေါ်သို့ ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ **လပွတ္တာမြို့နယ်အတွင်းရှိ အုန်းချောင်းရွာတွင်လည်း အသက်ရှင်ကျန်ရစ်သူမိသားစု ၂၄၀အတွက် နေစရာတဲအိမ်များ ဆောက်လုပ်ပေးနိုင်ခဲ့သည်မှာ တပ်မတော်(ရေ)မှ အရာရှိ စစ်သည်များ၏ လေဘေးသင့်ပြည်သူများအတွက် မွန်မြတ်လှသော စေတနာလုပ်ရပ်များအဖြစ် ထင်ဟပ်ပေါ်လွင်လျက်ရှိနေပါသည်။**

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး ဆောင်ရွက်ရာတွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ် အစင်း ၃၀၊ အရာရှိစစ်သည်အင်အား ၁၅၀၀ ကျော်တို့၏ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို မုန်တိုင်းစဲပြီးသည့် အချိန်မှ ယနေ့အထိ အင်တိုက် အားတိုက် ဆောင်ရွက်ခဲ့မှုများကို ဤဆောင်းပါးဖြင့် မှတ်တမ်းပြု ဂုဏ်ယူ ဖော်ပြအပ်ပါသတည်း။ ။

အိမ်များ ပြန်လည်ပြုပြင်

တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ လပွတ္တာမြို့နယ် ကျေးရွာများတွင် အိမ်များ ပြန်လည် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ဝိုင်းဝန်းကူညီ ဆောင်ရွက်နေကြစဉ်။

...ရေးစောင့်ရှောက်

...ဆေးဝန်ထမ်းများ ဘိုကလေးမြို့နယ် ကြိမ် ...ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်

...ရေ)မှ ...းသည် ...တွင်း ...မြို့နယ် ...ဘို ...လူနာ ...ကူသ ...တောင် ...ယ်ယာ ...အဟုန်

...ချွန်း ...လင်း

မပျက်ဆောင်ရွက်နိုင်ရန် ပူးပေါင်းလုပ်ကိုင်မှုအနေဖြင့် ပါဝင်လုပ်ကိုင်ပေးခဲ့ရာဟိုင်းကြီးကျွန်းဒေသအတွင်း လယ်ဧက ၇၀၊ လပွတ္တာမြို့နယ်တွင် လယ်ဧက ၁၁၅ ဧကနှင့် ဘိုကလေးမြို့နယ်အတွင်း လယ်ဧက ၃၈ ဧကတို့ကို တပ်မတော်(ရေ)မှအရာရှိ၊ စစ်သည်များက ဒေသခံ တောင်သူလယ်သမားတို့နှင့်အတူ ပူးပေါင်းပါဝင်ထွန်ယက်ပေးခဲ့သဖြင့် ကျေးလက်တောင်သူများနှင့် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်တို့မှာ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၇-၂၀၀၈ (အင်္ဂါနေ့)
၁၃၇၀ ပြည့်နှစ်၊
နယုန်လပြည့်ကျော်(၁၃)ရက်
(အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၅	၄။	အတီးပြိုင်ပွဲ
၈း၀၀	၅။	ကြေးမုံရိပ်သွင်တေးနှုယဉ်
၈း၁၅	၆။	အဆိုပြိုင်ပွဲ
၈း၃၀	၇။	International News
၈း၄၀	၈။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး စစ်သည်တေး
၄း၁၀	၂။	အတီးပြိုင်ပွဲ
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅	၆။	အကပြိုင်ပွဲ
၅း၀၀	၇။	ဆိုကြမယ်ပျော်ကြမယ်
၅း၄၀	၈။	စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ (အပိုင်း-၁)
၅း၅၀	၉။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလဝသအခြေအနေ
၆း၃၅	၁၂။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၅၀	၁၃။	သုတစုံလင်ရွှေဘဏ်ရှင်
၇း၁၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာများနှင့် လှည့်ကွက်" (အပိုင်း-၈)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့" (အပိုင်း-၈)**
	၁၉။	အစီအစဉ်ပြီး၏။

ပျက်စီးဆုံးရှုံးခဲ့မှုများကို ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်တည်းဖြင့် မစွမ်းဆောင်နိုင်၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲညီညီ ဆောင်ရွက်ခဲ့ကြရသည်။ ထိုသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများလုပ်ကိုင်ခဲ့ရာတွင် ဧရာဝတီတိုင်းသည် မြစ်ချောင်းများ ပေါများသဖြင့် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များက စုန်ဆန် သွားလာကာ မေလ ၅ ရက်နေ့မှ ယနေ့အထိ ကြိုးစား ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

❁ စာမျက်နှာ ၅ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက လွှဲပြောင်းပေးအပ်သော ငါးဖမ်းစက်လှေများ၊ အင်ဂျင်စက်များ၊ ရေလုပ်ငန်းသုံး ပိုက်ကွန်များနှင့် ငါးဖမ်းပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ (၃)မိုင် လေဘေးကယ်ဆယ်ရေးစခန်းမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လပွတ္တာမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရန် ထွန်ယက်မှု၊ ပျိုးထောင်မှုနှင့် စိုက်ပျိုးပြီးစီးနေမှု အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် ငပုတောမြို့နယ် ပြင်ခရိုင်ကျေးရွာသို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြကာ ပြင်ခရိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများ၏ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်မှု၊ ပျိုးထောင်မှုနှင့်ပြင်ခရိုင်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ချောင်းဝကျေးရွာသို့ ရောက်ရှိကြရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှအသင်းဝင်များ၊ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်သည် ချောင်းဝကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ကျောင်းဆောင်သစ်ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲနှင့် စာသင်ခုံများ လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိကိုယ်တိုင်ငယ်စဉ်က ဤဒေသ၌ ပညာသင်ယူခဲ့ဖူးသဖြင့် ယခင်အချိန်အခါက ပညာသင်ယူရေးတွင် အခက်အခဲများရှိခဲ့မှုကို ကိုယ်တိုင်ခံစားခဲ့ရကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် ဤဒေသ အပါအဝင် ဝေးလံခေါင်သီသော ဒေသများရှိ ကျေးရွာများနှင့် နယ်စပ်ဒေသများရှိ ကျေးရွာပါမကျန် အခြေခံပညာကို သင်ကြားနိုင်ရန် ပညာရေး အားပေးမြှင့်တင်မှုများကို ဆောင်ရွက်ပေးမှုကြောင့် ကျေးရွာများတွင်အခက်အခဲမရှိ ပညာသင်ယူနိုင်နေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်မှ ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေးနေသကဲ့သို့ မိဘများကလည်း မိမိတို့၏ သားသမီးများအား ပညာတတ်များဖြစ်လာစေရန် ပညာသင်ကြားရေးကို တိုက်တွန်းအားပေးသွားကြရမည်ဖြစ်ကြောင်း။

ပညာတတ်များ ဖြစ်လာသည်နှင့် အမျှ အသိဉာဏ်များရှိ၍ အကောင်းအဆိုးကို ခွဲခြားတတ်ပြီး မပြုအပ်၊ မလုပ်အပ်သည်များကို ရှောင်ရှားနိုင်ခြင်းကြောင့် ဘဝတွင်စိတ်ချမ်းသာစွာဖြင့် အသက်ထက်ဆုံးတိုင် နေထိုင်သွားနိုင်မည် ဖြစ်ကြောင်း။

ချောင်းဝ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် ပညာသင်ယူနိုင်စေရန် လက်ရှိပြိုကျသွားသော ကျောင်းကို စေတနာရှင်များ၏ အကူအညီဖြင့် အခိုင်အမာ နှစ်ထပ်ကျောင်းအဖြစ် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်က အားထားရသည့် ထူးချွန်ထက်မြက်သူများ ဖြစ်လာအောင် ကြိုးစားသွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ငပုတောမြို့နယ် ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေများကိုကျောင်းအုပ်ဆရာကြီး ဦးထွန်းမြင့်ထံပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ငပုတောမြို့နယ်ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကိုတာဝန်ယူကြီးကြပ်ကွပ်ကဲနေသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများကို ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များထံ ပေးအပ်သည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းသော စားပွဲခုံနှင့် ကုလားထိုင် အစုံ ၃၀၀ နှင့် မိုးကာအင်္ကျီ ၇၅၀ တို့ကို ရွှေသံလွင်ကုမ္ပဏီ အထွေထွေမန်နေဂျာဦးကျော်နိုင်က ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့်ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယခု လှူဒါန်းသော ချောင်းဝကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ နှစ်ထပ်စာသင်ဆောင်မှာ အလျားပေ ၆၀၊ အနံပေ ၃၀၊ တစ်ထပ်ချင်းအမြင့် ၁၄ ပေစီ ရှိမည့် အာရ်စီနှစ်ထပ်သွပ်မိုးအဆောက်အအုံ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ချောင်းဝကျေးရွာမှ မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာပြီး ပြင်ခရိုင် ကျေးရွာမှတစ်ဆင့် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာရာ လမ်းခရီးတစ်လျှောက်ရှိ ကျေးရွာများ အခြေအနေ၊ မိုးစပါးစိုက်ပျိုးရန် ထွန်ယက်မှု၊ ပျိုးထောင်ထားရှိမှုနှင့် စိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

မင်္ဂလာတောင်တော်ဦးကျောင်း တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၃၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာတောင်တော်ဦး ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဇနအား အမှူးထား၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ဦးဆောင်ပြီး စေတနာရှင်အလှူဒါယကာ ဒါယိကာမများက တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၇၀ပြည့်နှစ် ဝါဆို လပြည့်နေ့) ဇူလိုင် ၁၇ရက် (ကြာသပတေးနေ့) ညနေ၃နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တ သုဇန ဖုန်း-၃၇၁၇၂၈၊ ၀၉၅၁၉၃၇၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လေဘေးသင့်ဒေသ အိမ်ရာများဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၃၀

မုန်တိုင်းသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ် လှူဒါန်းလျက်ရှိကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က လေဘေးသင့်ဒေသ၌ လူနေအိမ်ရာများ ဆောက်လုပ်ရန် ငွေကျပ်သိန်း၃၀ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ဌေး၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသောဒေါ်မြသီဂီ၊ ဒေါ်နီနီဝင်း၊ ဒေါ်တင်တင်နွဲ့၊ ဒေါက်တာဒေါ်စန္ဒာအောင်နှင့် တာဝန်ရှိသူများက ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမသို့လာရောက်ပေးအပ်လှူဒါန်းကြရာ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး **(အပေါ်ပုံ)** ဂုဏ်ပြု မှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၃၀

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများအနေဖြင့် အဖွဲ့အစည်းအလိုက် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အောက်ပါပစ္စည်းများအတွက် ကျသင့်သော အလှူငွေများကို ရန်ကုန်မြို့ မီးသတ်ဦးစီးဌာန ရုံးချုပ်ရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

	ပစ္စည်း	သင့်ငွေ
၁။	လူနေအိမ်တစ်လုံး	၆၀၀၀၀၀ိ/-
၂။	(၂၁)ပေရှိငါးဖမ်းလှေတစ်စင်း(စက်ပါ)	၄၀၀၀၀၀ိ/-
၃။	(၂၁)ပေရှိငါးဖမ်းလှေတစ်စင်း(စက်မပါ)	၂၀၀၀၀၀ိ/-
၄။	လက်တွန်းထွန်စက်တစ်စီး	
	(က) လယ်ယာ-၁၆	၁၀၉၀၀၀၀ိ/-
	(ခ) လယ်ယာ-၂၂	၁၅၅၀၀၀၀ိ/-
	(ဂ) ဧရာ-၁	၁၁၂၈၆၀၀ိ/-
၅။	ဓာတ်မြေဩဇာတစ်အိတ်	၁၈၀၀၀ိ/-

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၇-၂၀၀၈(အင်္ဂါနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဆပ်တတ်ရင်ခန္ဓာကြွေးကျေပါတယ်"တရားတော် [ပြည်တွင်းပြည်ပသာသနာပြုရွှေမန်းဦးသူရိယ (အစိုးရဓမ္မာစရိယဆရာတော်)]
၇း၅၅ - ၁း၅၅	ရွှေမြိုင်ဆန်တန်းမှာ--------မျှော်မှန်း"မြတ်နိဗ္ဗာန်စခန်း" (အပိုင်း-၂)
၈း၁၀ - ၂း၁၀	တေးဂီတအစီအစဉ်
၈း၁၅ - ၂း၁၅	Sunday Talk
၈း၅၅ - ၂း၅၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၉း၀၀ - ၃း၀၀	တေးဂီတအစီအစဉ်
၉း၀၅ - ၃း၀၅	သစ်ရွက်ဆွေးသဘာဝမြေဩဇာပြုလုပ်သုံးစွဲပါ (ဝိုင်းစုခိုင်သိန်း၊ ဒါရိုက်တာဖုန်းမြင့်အောင်)
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	MRTV-4 စာအုပ်စင်ကဏ္ဍ [စာရေးဆရာမောင်လွင်မွှန် (ကသာ)နှင့်တွေ့ဆုံခြင်း]
၉း၄၅ - ၃း၄၅	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	အလှမှာအယဉ်ဆင့်အမြင်ဆန်းသည့်အထည်
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	Celebrity Style (ရေဗက္ကဝင်းနှင့်တွေ့ဆုံခြင်း)
၁၀း၅၀ - ၄း၅၀	ပထမအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးကျပန်းစကားပြောပြိုင်ပွဲ
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	ဗီတာမင်ဘီဝမ်းနှင့်ပေါင်းဆန် (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာလှကြည်)
၁၁း၅၀ - ၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅ - ၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀	"စိတ်" မှစတဲ့သုံးထပ်ကွမ်းအကယ်ဒမီဆုရှင် "ဝါဝါဝင်းရွှေ"
၁၂း၄၅ - ၆း၄၅	Music Gallery (ကာကာရဲ့တစ်ယောက်ဆိုတစ်ယောက်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မကွေးတိုင်းအတွင်းရှိ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြား

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း မကွေးမြို့ မြို့တော်ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား အမှာစကားပြော ကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၃၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဇွန် ၂၇ ရက်တွင် မကွေးတိုင်း တောင်တွင်းကြီးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်သို့ ရောက်ရှိစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြတ်မော်နှင့် ဘဏ်ခွဲမန်နေဂျာတို့က ဘဏ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ပိုမိုမြန်ဆန် မှန်ကန်စွာ ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းကြရေး ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဇွန် ၂၈ ရက်တွင် မကွေးတိုင်း မကွေးမြို့ မြို့တော်ခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ခံများက ဘဏ္ဍာနှစ်အတွင်းလုပ်ငန်း လျာထားရည်မှန်းချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် မကွေးတိုင်း မကွေးမြို့ရှိ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ ပင်စင်ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနတို့ကို လည်းကောင်း၊ မကွေးတိုင်း ရေနံချောင်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ချောက်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၁၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၃၀

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၁၁၀)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ကြည်အောင် (ကေတုမတီ)၊ ရန်နိုင်ဦး၊ ဖိုးရန်နိုင် (ကျောက်ကြီး)၊ ဇော်မင်းမင်းဦး၊ ဝင်းနွယ် (သစ်တော)၊ လှိုင်ခင်အုန်း၊ ကျော်ကျော်ဦး(လယ်ဝေး)၊ မောင်နီမြင့် (ပင်လယ်)၊ မောင်မောင်မိုးအောင်၊ ဝင့်ဝါထွန်း (ဂန္ဓဝင်ကုန်း)၊ မောင်ရွှေနွယ်(အင်းလေး)၊ နွေသင်နိုင်တို့၏ အဖွင့်ကဗျာများ၊ သာနိုင်အောင် (ကျိုက္ကမီရော)၊ တက္ကသိုလ်တင်ခ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ မောင်ဆုရှင်၊ မောင်ဉာဏ်လင်း (တောင်ကုတ်)၊ နေမျိုးသန့်၊ ထွန်းဦးတင်၊ လှိုင်မြင့်ဦး၊ တက္ကသိုလ်စိုးယဉ်၊ ခင်ဇ(စက်မှု)၊ နီမင်းညို၊ ဖြိုးခန့်ကျော်၊ မောင်အောင်မြင် (မိတ္ထီလာ)၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ မောင်ချစ်ထွေး (မဟာဝိဇ္ဇာ)၊ မောင်မောင်ဟန်(အေးရွာ)၊ စာတည်းအဖွဲ့ဝင်တစ်ဦး၊ နေဝင်းသန်း(ရွှေဘို)၊ သာရဝေါ စိုးကြည်၊ မအေးငြိမ်း(ပခုက္ကူ)၊ မြန်မာ့အသံ သိန်းဟံ၊ သက်သက်သင်း (ပညာရေး)၊ နီငြိမ်း(အညာတက္ကသိုလ်)၊ စေတနာလှိုင် (ရေစကြို)၊ မောင်လှဝေး၊ မတင့်(မြန်မာစာ)၊ တင်ဝင်း(ပညာရေး)၊ ဦးကျော်စိန်(မန္တလေး)၊ သန်းဝင်းရှိန်၊ မြင်းမူကံရင်၊ ကေတုနီလာ၊ စစ်ရဲအိမ်၊ နွယ်ဇင်ဦး(မြန်မာစာ)၊ သွဲ့ထားညို (သက္ကလ)၊ ဝါဝါ(အင်းစိန်)၊ကိုဇော်ဝင်း(လှတော)၊ ကောက်ရိုးနွယ်(ရွှေကူ)၊ ရွှေဆယ်ထိပ်တင်ဝင်း၊ မောင်ချစ်ဦး (ပဲခူး)၊ မောင်မောင်ညွှက်၊ စိုးစံ၊ အောင်အောင်ထွေး၊ ဖိုးစီတို့၏ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်၊ ကာတွန်း၊ တောဝလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်များဖြင့် သုတ၊ ရသ၊ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်နှင့် ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကုမ္ပဏီမှ ငွေကျပ် ၉၄၃ သိန်းနှင့် မော်တော်ယာဉ်ကို အလွဲသုံးစားပြုလုပ်သူအား ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးက ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၃၀

ဇွန် ၂၆ ရက်နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် (၁၂၃)လမ်း မ/၂၇နေ ကိုစိန်ဝင်း (၂၁)နှစ် Green Hard Wood Enterprise Limited ဒါရိုက်တာသည် ကုမ္ပဏီမှ ငွေသိမ်းတာဝန်ခံ ကိုသောင်းနိုင်၊ ငွေသိမ်းလက်ထောက်တာဝန်ခံ ကိုစိုးမိုးအောင်နှင့် ကုမ္ပဏီယာဉ်မောင်း နေလင်းထိုက်(ခ) သန်းထိုက်တို့အား ရန်ကုန်မြို့ပေါ်ရှိ ကုမ္ပဏီများတွင် ပဲဖိုးငွေများသိမ်းဆည်းရန်အတွက် ကုမ္ပဏီပိုင် ၉က/၂၉၆၁ စူပါရှဘင်အဖြူရောင်ဖြင့်စေလွှတ်ခဲ့ကြောင်း၊ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ငွေသိမ်းတာဝန်ခံကိုသောင်းနိုင်နှင့် အဖွဲ့သည် ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ KMD ကုမ္ပဏီလီမိတက်မှပေးချေသော ငွေကျပ် ၉၄၃ သိန်းကို အဆိုပါကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးလိုက်ပါပြီး အင်းဝဘဏ်တွင် ငွေထုတ်၍ ငွေများကို ကားပေါ်တွင်တင်ထားပြီး ယာဉ်အနီးတွင် ကိုစိုးမိုးအောင်နှင့် ယာဉ်မောင်းနေလင်းထိုက်တို့အား ထားခဲ့ကာ ကိုသောင်းနိုင်က လက်ကျန်ငွေကိစ္စ ရှင်းလင်းရန် KMD ကုမ္ပဏီလီမိတက်သို့ သွားရောက်ခဲ့ကြောင်း၊ ယာဉ်မောင်းနေလင်းထိုက်က ကားကို အင်းဝဘဏ်ရှေ့မှ KMD ကုမ္ပဏီလီမိတက်ရှေ့သို့ ဆူးလေဘုရားဘက်မှပတ်၍ ရွှေ့မည်ဟု ပြောဆိုမောင်းထွက်သွားပြီး ပြန်မလာတော့ဘဲ ကုမ္ပဏီပိုင် ၉က/၂၉၆၁ မော်တော်ယာဉ်နှင့်အတူ ငွေကျပ် ၉၄၃ သိန်းကို ယူဆောင်သွားသဖြင့် ကျောက်တံတားရဲစခန်းသို့ (ပ) ၂၆၅/၀၈ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၈ ဖြင့် အမှုဖွင့်တိုင်ကြားခဲ့ကြောင်းသိရှိရသည်။

တရားခံနေလင်းထိုက်(ခ)သန်းထိုက်အား ဖမ်းဆီးရမိရေးနှင့် အလွဲသုံးစားပြုလုပ်သွားသော ၉က/၂၉၆၁ မော်တော်ယာဉ်နှင့် ငွေကြေးများ သိမ်းဆည်းရမိရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ဒုစရိုက်နှိမ်နင်းရေးဌာနစုမှူး ရဲအုပ်မြင့်သောင်းနှင့် တပ်ဖွဲ့ဝင်များက စုံစမ်းခဲ့ရာ ဇွန် ၂၈ ရက် နံနက် ၇ နာရီတွင် ၉က/၂၉၆၁ စူပါရှဘင်မော်တော်ယာဉ်ကို ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် CNG အရောင်းဆိုင်အနီးတွင် ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

စုံစမ်းဖော်ထုတ်ချက်အရ တရားခံနေလင်းထိုက် (ခ)သန်းထိုက်မှာ ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် ကြည့်မြင်တိုင်ရှိ CNG ဓာတ်ငွေ့ဆိုင်အနီးမှ မော်တော်ယာဉ်တစ်စီးအား ပဲခူးမြို့သို့သွားရန် အဖော်တစ်ဦးဖြင့် ငှားရမ်းခဲ့ကြောင်း၊ ထောက်ကြန့်ရှိ အိမ်တစ်အိမ်မှ သေတ္တာသုံးလုံးအား ဝင်တင်ပြီး ပဲခူးမြို့သို့ ဆက်ထွက်ခဲ့ကြောင်း၊ ပဲခူးမြို့အရောက်တွင် လမ်းဘေးလက်ဖက်ရည်ဆိုင်၌ ကားရပ်စေပြီး သေတ္တာသုံးလုံးအားချကာ အဖော်ပါလာသူနှင့် ငှားစီးလာသောကားကို ရန်ကုန်သို့ ပြန်လည်စေလွှတ်ပြီး သုံးဘီးမော်တော်ယာဉ်အား ထပ်မံငှားရမ်းကာ ပဲခူးမြို့၊ (၁၆/၆)ရပ်ကွက်၊ ဓမ္မဇူဟာလမ်း၊ အမှတ် (၇၁) နေအိမ်သို့ သွားရောက်တိမ်းရှောင်နေကြောင်း သတင်းရရှိသဖြင့် ဇွန် ၃၀ရက် မွန်းလွဲ ၂နာရီခွဲခန့်တွင် ဝင်ရောက်ဖမ်းဆီးရာ နေလင်းထိုက်(ခ) သန်းထိုက်အား သက်သေခံငွေ ကျပ် ၈၂၈ သိန်း ၅ သောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ နေလင်းထိုက်(ခ) သန်းထိုက်၏ ထွက်ဆိုချက်အရ ဝေဘာဂီမြို့ (၁) ရပ်ကွက် ဝေဟင်လမ်း မ/၂ (ဘီ) နေ ဦးတင်သိန်း၊ ဒေါ်စိုးစိုးသန်းတို့ထံ အပ်နှံထားသည့် ငွေကျပ် ၂၁သိန်းနှင့် ကုမ္ပဏီမှအလွဲသုံးစားပြုလုပ်သွားသည့် လက်ကိုင်ဖုန်း အမှတ် ၀၉၉၉၂၈၈၈၂ တို့ကိုလည်း ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ နေလင်းထိုက် (ခ)သန်းထိုက်အား အမှုခိုင်မာစွာတည်ဆောက်၍ တရားစွဲတင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆုထူးပန်အဘိဓမ္မာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၃၀

ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ဦးစီး ပဓာန နာယက ရွှေရတု တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ ဩဝါဒကိုခံယူလျက် ဆုထူးပန် အဘိဓမ္မာသင်တန်းမှ ဆရာမ ဒေါ်ခင်သန္တာဦးက အဘိဓမ္မာပညာရပ်ကို ခေတ်မီသောသင်္ကေတနည်းဖြင့် ရုံးပိတ်ရက်နှင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ဓမ္မဒါနပို့ချမှုသင်တန်းကို အမှတ် (၂၆)ရပ်ကွက် ပုလဲရတနာလမ်း ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီး၌ ဇူလိုင် ၅ ရက်မှ စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်သင်ကြားလိုသူများ လာရောက်သင်ယူနိုင်ကြောင်းနှင့် ဆက်သွယ်စုံစမ်းလိုပါက ဖုန်း-၀၉၈၀၂၂၈၆၀ သို့ စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။ (က-ပ)

ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၃၀

ရန်ကုန်မြို့ရောက် ပုတီးကုန်း နယ်သူနယ်သားများ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ M.A (Buddhism) ဘွဲ့ရ ဆရာတော် ဦးပညာဝံသအား ဂုဏ်ပြုပူဇော်ပွဲ၊ ပါရဂူဘွဲ့ရနှင့် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် နှစ်ပတ်လည် မိတ်ဆုံစားပွဲကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်း ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်၍ ပုတီးကုန်းနယ်သူနယ်သား မိသားစုများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများစာရင်းကို ဆရာကြီး ဦးသန်းလွင် ဖုန်း-၃၇၇၇၄၀၊ ဦးချစ်ရင် ဖုန်း-၂၉၄၃၅၃ နှင့် ဒေါ်မြသွင် ဖုန်း-၂၅၄၇၅၁ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇွန် ၃၀

ယနေ့ နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်။

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင် ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီ တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကျောက်တော်မြို့တွင် (၅ဒသမ၉၁)လက်မ၊ မောင်တောမြို့တွင် (၄ဒသမ၃၄) လက်မ၊ သံတွဲမြို့တွင် (၃ဒသမ၆၂)လက်မ၊ ထားဝယ်မြို့တွင် (၃ဒသမ၃၀)လက်မ၊ ဟုမ္မလင်းမြို့တွင် (၃ဒသမ၁၉) လက်မ၊ ကျောက်ဖြူမြို့နှင့် သထုံမြို့တို့တွင် (၂ဒသမ၀၅)လက်မစီ၊ မော်လမြိုင်မြို့တွင် (၁ဒသမ၅၃)လက်မနှင့် ကော့ကရိတ်မြို့တွင် (၁ဒသမ၃၈) လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

ဇူလိုင် ၁ရက် ညနေထိ ခန့်မှန်းချက်။ ။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းတို့နှင့် ဧရာဝတီတိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင် သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့် အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေအား ကောင်းမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၀ဒသမ၅ ဒီဂရီစင်တီဂရိတ် (၈၇ ဒီဂရီဖာရင်ဟိုက်) ၂၉-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

(၂၂ဒသမ၅) ဒီဂရီစင်တီဂရိတ်(၇၂ ဒီဂရီဖာရင်ဟိုက်) ၃၀-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၃၀-၆-၂၀၀၈

နေပူသည့်နာရီပေါင်း (၁ဒသမ၁)နာရီခန့် ၂၉-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၀-၆-၂၀၀၈	၇မမ (၀. ၂၈လက်မ)	၇မမ (၀. ၂၈လက်မ)	၂၂မမ(၀. ၈၇လက်မ)
၁-၁-၂၀၀၈ မှ	၁၀၃၂မမ	၁၂၉၃မမ	၁၅၇၀မမ
ယနေ့အထိ	(၄၀ . ၆၃လက်မ)	(၅၀ . ၉၁လက်မ)	(၆၁. ၈၁လက်မ)

ရန်ကုန် (ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉-၆-၂၀၀၈ ရက် ၁၃း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်း တိုက်ခတ်သည်။

ရေနံဓာတုစက်ရုံ တစ်ရုံ အီရန်တွင် ဖွင့်လှစ်

တီဟီရန် ဇွန် ၂၈

အီရန်သမ္မတ မာမွတ်အာမက်နီဂျက်သည် ရေနံဓာတုပစ္စည်းစက်ရုံ တစ်ရုံကို အီရန်နိုင်ငံအနောက်ပိုင်း ကာမင်ရှက်ပြည်နယ်တွင် ကြာသပတေးနေ့က တရားဝင်ဖွင့်လှစ်ပေးလိုက်ကြောင်း အိုင်အာရ်အင်အေသတင်းဌာနက ဖော်ပြသည်။

ကာမင်ရှက် ရေနံဓာတု စက်ရုံသည် ကာမင်ရှက်မြို့၏ အရှေ့ဘက် ကီလိုမီတာ ၃၀ အကွာ ဘစ်(စ်)တောင်းတွင် တည်ရှိသည်။ ယူရီးယားဓာတ်မြေဩဇာ တန်ချိန် ၆၆၀၀၀၀ ကျော်နှင့် အမိုးနီးယားတန်ချိန် ၃၉၆၀၀၀ နှစ်စဉ် ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း အိုင်အာရ်အင်အေ သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘာရက်အိုဘားမားနှင့် ကလင်တန်တို့ နယူးဟမ်ရှိုင်းယားပြည်နယ် ယူနစ်တီ၌ အတူတကွလက်တွဲ၍ အိုဘားမားအနိုင်ရရှိရေး ဇွန် ၂၇ရက်က မဲဆွယ်စည်းရုံးကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဓိက ပြည်နယ်လေးခုတွင် မက်ကိန်းထက် အိုဘားမားကို လူကြိုက်ပိုများနေ

ဝါရှင်တန် ဇွန် ၂၈

အမေရိကန်ပြည်ထောင်စု သမ္မတရွေးချယ်ပွဲတွင် အခြေခံကျသော ပြည်နယ်လေးခုတွင် ဒီမိုကရက်တစ်သမ္မတလောင်း ဘာရက်အိုဘားမားသည် ပြိုင်ဘက် ရီပတ်ဘလီကန်သမ္မတလောင်း ဂျွန်မက်ကိန်းထက် လူကြိုက်များလျက်ရှိကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော နောက်ဆုံး စစ်တမ်းတစ်ခုတွင် ဖော်ပြထားသည်။ ၎င်းပြည်နယ်လေးခုသည် နိုဝင်ဘာ အထွေထွေရွေးကောက်ပွဲတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လိမ့်မည်ဟု မျှော်လင့်ရသည်။

ကွမ်နီပေ့တက္ကသိုလ်မှ စစ်တမ်း၌ ကော်လိုရာဒိုပြည်နယ်တွင် အိုဘားမားသည် ဂျွန်မက်ကိန်းထက် ၄၉-၄၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ မီချီဂန်ပြည်နယ်တွင် ၄၈-၄၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ မင်နီဆိုတာပြည်နယ်တွင် ၅၄-၃၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ဝစ်ကွန်ဆင် ပြည်နယ်တွင်၅၂-၃၉ရာခိုင်နှုန်းဖြင့်လည်းကောင်း လူထုထောက်ခံမှု အသာစီးရလျက်ရှိကြောင်း ဖော်ပြသည်။

အမျိုးသမီးများ၊ လူနည်းစုများ၊ နိုင်ငံရေးတစ်သီးပုဂ္ဂလများ၊ လူငယ်မဲဆန္ဒရှင်များ၏ အကြားတွင်လည်း အိုဘားမားကို လူကြိုက်များလျက်ရှိသည်။

၎င်းစစ်တမ်းကိုဇွန်၁၇ရက်မှ၂၄ရက်အတွင်း မဲဆန္ဒရှင် ၁၃၀၀ မှ ၁၆၀၀ အထိ မေးမြန်းလေ့လာခဲ့သည်။

ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့သည်နိုဝင်ဘာလအမေရိကန်ရွေးကောက်ပွဲတွင် အိုဘားမား အနိုင်ရရှိရေးအတွက် နယူးဟမ်ရှိုင်းယားပြည်နယ် ယူနစ်တီ၌ အတူတကွ မဲဆွယ်စည်းရုံးကြသည်။ ၎င်းတို့နှစ်ဦး၏လူထုအစည်းအဝေးပွဲသို့ ထောက်ခံသူပေါင်း ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

၎င်းတို့နှစ်ဦးသည် အကြို ရွေးကောက်ပွဲတွင်အပြင်းအထန်ယှဉ်ပြိုင်ကြပြီး ဟီလာရီကလင်တန် ပြိုင်ပွဲမှ နုတ်သွားပြီးသည့်အချိန်မှစ၍ ယခုအကြိမ်သည် လူထုရှေ့မှောက်သို့ နှစ်ယောက်တွဲလျက် ပထမဆုံးအကြိမ် ထွက်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရန် ဖွံ့ဖြိုးပြီးနိုင်ငံများအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တိုက်တွန်း

ကုလသမဂ္ဂ ဇွန် ၂၈

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက စားနပ်ရိက္ခာပြဿနာ၊ ရာသီဥတုပြောင်းလဲ မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြေရှင်းရေးအတွက် ခိုင်မာသော နည်းလမ်းများ ချမှတ်ကြပါရန် ဖွံ့ဖြိုးပြီးနိုင်ငံများသို့ ကြာသပတေးနေ့က မေတ္တာရပ်ခံလိုက်သည်။

တက်ရောက်

အတွင်းရေးမှူးချုပ်သည် သုံးနိုင်ငံခရီးမထွက်ခွာမီ ညဘက်တွင် အထက်ပါအတိုင်း မေတ္တာရပ်ခံခြင်းဖြစ်သည်။ ထိုခရီးစဉ်အပြီးတွင် ဂျပန်နိုင်ငံ၌ နောက်လ၌ ကျင်းပမည့် ဂျီ-၈ ညီလာခံသို့ တက်ရောက်မည် ဖြစ်သည်။

ယခု အချိန်သည် အတူတကွ စုပေါင်း၍ ဆောင်ရွက်ရန် အချိန်ဖြစ်ကြောင်း ကုလသမဂ္ဂဌာနချုပ်တွင် သတင်းထောက်များကို မစ္စတာဘန်ကီမွန်းက ပြောကြားသည်။

ကျင်းပမည်

ဂျပန်နိုင်ငံ၊ ဟိုကိုင်းဒိုးတွင် ဇူလိုင် ၇ ရက်မှ ၉ရက်အထိ ဂျီ-၈ ညီလာခံကို ကျင်းပမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယ သမုဒ္ဒရာ၌ အင်အားပြင်းငလျင်လှုပ်

နယူးဒေလီ ဇွန် ၂၈

အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းရှိ အက်ဒမန်ကျွန်းတွင် ဇွန် ၂၇ ရက် ဂရင်းနစ်စံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် အင်အား ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း အိန္ဒိယမိုးလေဝသဌာနက ပြောကြားသည်။

အဆိုပါ ငလျင်သည် မြောက်လတ္တီကျု ၁၁ ဒသမ ၀၃၁ ဒီဂရီနှင့် အရှေ့လတ္တီကျု ၉၁ ဒသမ ၉၀၆ ဒီဂရီ၌ တည်ရှိပြီး အိန္ဒိယနိုင်ငံ အက်ဒမန်ကျွန်းရှိ ပို့ဘလဲယားဆိပ်ကမ်း အနောက်တောင် ၁၁၅ ကီလိုမီတာနှင့်ထိုင်းနိုင်ငံဗန်ကောက်မြို့အနောက်တောင်ဘက် ၉၇၅ ကီလိုမီတာ အကွာကို ဗဟိုပြု၍ လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒ တိုင်းတာရေးက ပြောကြားသည်။

ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်း မရှိသည့်အပြင် သေကျေဒဏ်ရာရရှိမှုတို့ကိုလည်း ချက်ချင်းဖော်ပြခြင်းမရှိချေ။ အိန္ဒိယသမုဒ္ဒရာအတွင်း ဆူနာမီဖြစ်ပွားမှုကြောင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလက ယင်းဒေသ၌ အင်အားပြင်းငလျင်လှုပ်ခဲ့ရာ လူ ၂၀၀၀၀၀ ကျော် သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် ဇွန် ၂၈

အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် ဇွန် ၂၆ ရက်က အမေရိကန်မရိန်းတပ်သားသုံးဦးနှင့် စကားပြန်နှစ်ဦးတို့ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင်ပြောကြားသည်။

၎င်းတို့ မည်သည့်နေရာတွင် သေဆုံးရသည်ကို အမေရိကန်စစ်ဘက်က အတိအကျ ပြောကြားခြင်း မရှိချေ။ အီရတ်ရဲတပ်ဖွဲ့က ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၅၀ ခန့်အကွာရှိ ဖာလူဂျာမြို့အနီး ဂါမက်ဒေသတွင် အသေခံဗုံးဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးရသည်ဟု ဆို၏။

အမေရိကန် တပ်ဖွဲ့များသည် ဂါမက်ချ်မြို့တွင် ကျင်းပမည့် လူမျိုးစုခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်နေစဉ် အဆောက်အအုံအတွင်းအသေခံဗုံးခွဲသူသည်စစ်ဘက်ဝတ်စုံ ဝတ်ဆင်ပြီးတိုက်ခိုက်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ၂၀ ဖြစ်လာပြီး အခြား လူ ၂၀ ဒဏ်ရာရရှိသည်။ ယင်းမြို့အဆောက်အအုံအတွင်း၌ လူမျိုးစုခေါင်းဆောင်များ၊ ပြည်တွင်းအရာရှိကြီးများနှင့် နိုးကြားရေး ကောင်စီအဖွဲ့ဝင်များ အပါအဝင် လူ ၅၀ ခန့်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ဘနွန်တောင်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်၍ နှစ်ဦးသေဆုံး

ထရီပိုလီ (လက်ဘနွန်) ဇွန် ၂၉

လက်ဘနွန်တောင်ပိုင်းရှိ ထရီပိုလီမြို့တွင် အိမ်တစ်လုံးအတွင်း ဇွန် ၂၈ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အရပ်သား နှစ်ဦး သေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိကြောင်း ဆေးကုသရေးဌာနက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါပေါက်ကွဲမှု ဖြစ်ပွားခြင်းနှင့်စပ်လျဉ်း၍ ချက်ချင်းရှင်းလင်းနိုင်ခြင်း မရှိသေးသည့်အပြင် ၎င်းနေရာ၌ပင် အစိုးရကိုထောက်ခံသော ဆွန်နီတိုက်ခိုက်ရေးသမားများနှင့် အယ်လာဝီ အတိုက်အခံပါတီ၏ နောက်လိုက်တို့အကြား တနင်္ဂနွေနေ့က အကြမ်းဖက်မှု ဖြစ်ပွားခဲ့သဖြင့် လူကိုးဦး သေဆုံးခဲ့ရသည်။

ထရီပိုလီမြို့တွင် ဆီးရီးယား ဆန့်ကျင်ရေးသမားများနှင့် ဆွန်နီတိုက်ခိုက်ရေးသမား အများစုတို့ ပူးပေါင်းနေထိုင်လျက်ရှိသည်။ ရှီးယိုက်ဟက်ဇ်ဘိုလာအဖွဲ့က ရှီးယိုက် အစ္စလာမ့်စ်အဖွဲ့မှ ခွဲထွက်ခဲ့သော အယ်လာဝီတို့အပေါ် ဆီးရီးယားသို့ ထွက်ခွာခြင်းမပြုနိုင်စေရန် ပိတ်ဆို့ထားသည်။

အမ်အင်အေ၊ ရိုက်တာ။

သီရိလင်္ကာ၌ တိုက်ခိုက်မှု ဖြစ်ပွား သူပုန် ၄၃ ဦးနှင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကိုလံဘို ဇွန် ၂၈

သီရိလင်္ကာနိုင်ငံ မြောက်ဘက်ဒေသတွင် အစိုးရတပ်ဖွဲ့များနှင့် ကျားသူပုန်တို့ တိုက်ပွဲဖြစ်ပွားရာ သူပုန် ၄၃ဦးနှင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း သောကြာနေ့တွင် စစ်ဘက်ကပြောကြားသည်။ ဗာဘူနီရာ၊ မန်နာနှင့်ဝီလီရာဒေသတို့တွင် ဇွန် ၂၆ ရက်က တိုက်ခိုက်မှုဖြစ်ပွားရာ တမီးလ်ကျားသူပုန် ၄၃ ဦး သေဆုံးပြီး ၄၂ ဦး ဒဏ်ရာရရှိကြောင်း၊ အစိုးရတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်က ပြောကြားသည်။ လေတပ်တိုက် လေယာဉ်များဖြင့် ဇွန် ၂၇ ရက် နံနက်ပိုင်းက မြောက်ဘက်ရှိ သူပုန်စခန်းများနှင့် လေ့ကျင့်ရေးစခန်းကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး သေကျေဒဏ်ရာရရှိမှုနှင့် ပျက်စီးမှု အခြေအနေကို ပြောကြားခြင်း မရှိချေ။

တနင်္လာနေ့ကတည်းက တိုက်ခိုက်မှုများဖြစ်ပွားရာ သူပုန် ၁၂၄ ဦးနှင့် တပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးကြောင်း စစ်ဘက်ကပြောကြားသည်။ သီရိလင်္ကာနိုင်ငံ အရှေ့ဘက်နှင့် မြောက်ပိုင်းတွင် တမီးလ်လူမျိုးစုများက လွတ်လပ်သော ပြည်နယ် ထူထောင်ရန် တမီးလ်ကျားသူပုန်များက တိုက်ခိုက်နေခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနှင့် စင်ကာပူ ရေလုပ်ငန်း ပူးပေါင်း ဆောင်ရွက်မည်

စင်ကာပူ ဇွန် ၂၈

စင်ကာပူနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် အိန္ဒိယပြည်နယ်များတွင် အခြေခံအဆောက်အအုံများတိုးတက်ရေးနှင့် အကျိုးမဲ့ ရေဆုံးရှုံးမှုအနည်းဆုံးဖြစ်ရေး စီမံကိန်းများကို ပူးပေါင်းဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာ (MoU) ကို စင်ကာပူနှင့် အိန္ဒိယနိုင်ငံတို့ ကြာသပတေးနေ့တွင် လက်မှတ်ရေးထိုးကြသည်။

ရေလုပ်ငန်းအတွက်တစ်ကမ္ဘာလုံးမှ စုဝေးတက်ရောက်လာကြသော စင်ကာပူနိုင်ငံတကာရေသတ္တပတ် အခမ်းအနားတွင် စင်ကာပူ အမျိုးသားရေးအေဂျင်စီနှင့် အိန္ဒိယမဟာရပ်ချ်တြာ ရေထောက်ပံ့ရေးနှင့် သန့်ရှင်းရေးအဖွဲ့တို့ အဆိုပါ စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက်ရှိ အဓိက မြို့ကြီးများတွင် တာလီဘန် တိုက်ခိုက်ရေးသမားများအား အစိုးရက ထိုးစစ်ဆင် တိုက်ခိုက်မှုများ စတင်ပြုလုပ်လျက်ရှိရာ ပက်ရှာဝါဒေသတွင် ပါကစ္စတန် တပ်ဖွဲ့များ ကင်းလှည့်နေသည်ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

*** ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။**

*** လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။**

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများအတွက် ထောက်ပံ့ရေးပစ္စည်းများ ထပ်မံရောက်ရှိ

ရန်ကုန် ဇွန် ၃၀

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများသို့ ဖြန့်ဝေရန်အတွက် ဆန်အိတ် ၃၅၅၀ နှင့် လက်တွန်းထွန်စက် ၅၈ စီးသည် ဝင်းစိန်သဘော်ာဖြင့်လည်းကောင်း၊ မိုးကာလိပ်အကြီး ၁၄၅ လိပ်၊ အသေး ၁၀ လိပ်၊ အိမ်သုံးရေသန့်စက်နှစ်စုံ၊ ချုပ်ပြီးမိုးကာစအထည် အထုပ် ၄၀၊ ဆီပုံးကိုးပုံး၊ တာပေါ်လင်အထုပ်ကြီး ၄၀၊ ဆားကိုးအိတ်၊ ကြက်သွန်ဖြူ ၁၁ အိတ်၊ ကြက်သွန်နီ သုံးအိတ်၊ အပ်ချုပ်စက်၊ ဒန်အိုး၊ အဝတ်အထည်နှင့် အခြားလူသုံးကုန်ပစ္စည်း စုစုပေါင်းတန် ၃၀ တို့သည် ရန်မျိုးအောင်သဘော်ာဖြင့်လည်းကောင်း ယနေ့တွင် ရန်ကုန်မြို့မှ မော်လမြိုင်ကျွန်းမြို့ အသင့်ရေယာဉ်ဆိပ်ကမ်းသို့ ရောက်ရှိလာကြောင်း သိရသည်။

(သတင်းစဉ်)

တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ပေး

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသော နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့်ဒေသများသို့ ဆက်လက် ပို့ဆောင်နိုင်ရန် ရဟတ်ယာဉ်နှင့် မော်တော်ယာဉ်များပေါ်သို့ တပ်မတော်(လေ)မှ ဤကဲ့သို့ ပါဝင် သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

(သတင်းစဉ်)